**ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ နှင့်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ၏တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေး အဖွဲ့တို့၏ ပူးတွဲ သတင်း ထုတ်ပြန်ချက်**

၂၀၁၄၊ ဩဂုတ်လ (၁၇) ရက် ရန်ကုန်မြို့

၁။ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဦးအောင်မင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး ဆိုင်ရာညှိနှိုင်းရေးအဖွဲ့၏ အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာ ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့တို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲနိုင်ရေးအတွက် သဘောတူစာချုပ်မူကြမ်းအပေါ် ညှိနှိုင်းဆွေးနွေးခြင်းကို ၂၀၁၄ ခုနှစ်၊ ဩဂုတ် လ (၁၅) ရက်နေ့မှ (၁၇) ရက်နေ့ထိ ရန်ကုန်မြို့၊ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည် ထူထောင်ရေးလုပ်ငန်း ဗဟိုဌာနတွင် ပြုလုပ်ခဲ့ပါသည်။

၂။ နှစ်ဘက်ကိုယ်စားလှယ်များသည် ၂၀၁၄ ခုနှစ်၊ မေလ (၂၁) ရက်နေ့မှ (၂၃) ရက်နေ့ အထိ ပြု လုပ်ခဲ့သည့် တွေ့ဆုံဆွေးနွေးပွဲမှ ဆက်လက် ဆွေးနွေးညှိနှိုင်းရန် ကျန်ရှိသည့် အချက်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြရာတွင် အောင်မြင်မှုများစွာ ရရှိခဲ့ပါသည်။

၃။ ၂၀၁၄ ဩဂုတ်လ (၁၅) ရက်မှ (၁၇) ရက်အထိ ဆွေးနွေးမှုအပြီးထပ်မံ ဆွေးနွေးညှိနှိုင်းရန် ကျန်ရှိသည့် အချက်အနည်းငယ်ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ တွင် နှစ်ဖက်တွေ့ဆုံ ညှိနှိုင်း ဆွေးနွေးကြရန် သဘောတူ ကြပါသည်။

၄။ ဤဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် နှစ်ဘက်ကိုယ်စားလှယ်များအားလုံးက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲနိုင်ရေး အတွက် သဘောတူစာချုပ် အမြန်ဆုံး ချုပ်ဆိုနိုင်ရန် နှင့် နိုင်ငံရေး တွေ့ဆုံ ဆွေးနွေးပွဲများကိုလည်းအမြန်ဆုံး ကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျှက် ရှိပါကြောင်း အသိပေးအပ်ပါသည်။